# ꕥ နိဗ္ဗာန် ꕥ

နိဗ္ဗာန်"ဟူသည်

- ➯ ဝဋ်ဆင်းရဲ ငြိမ်းရာ၊
- ➯ ဝဋ်ဆင်းရဲ ငြိမ်းကြောင်း၊
- ➯ ဝဋ်ဆင်းရဲ ငြိမ်းခြင်း သဘောပင် ဖြစ်သည်။

## ☸ ဝဋ္ဋ (၃) ပါး ☸

| | | | |
|---|---|---|---|
| ၁။ | ကိလေသဝဋ္ဋ | = | အဝိဇ္ဇာ တဏှာ ဥပါဒါန်။ |
| ၂။ | ကမ္မဝဋ္ဋ | = | သင်္ခါရ-ကမ္မဘဝ (ကုသိုလ်ကံ အကုသိုလ်ကံ)။ |
| ၃။ | ဝိပါကဝဋ္ဋ | = | ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ |

## သင်္ခါရ နှင့် ကမ္မဘဝ ထူးခြားချက်

ပထမနည်း ➲ ကံတစ်ခုခုကို ပြုလုပ်သောအခါ ရှေ့အဖို့က ကြံစည်အားထုတ်သော စေတနာသည် "သင်္ခါရ"။

ဒုတိယနည်း ➲ အကု/ကု ပြုလုပ်သောအခါ ဇော (၇) ကြိမ် ဖြစ်။

➲ ဇော (၇) ကြိမ်တွင် ရှေ့ဇော (၆) ကြိမ်သည် "သင်္ခါရ"။

➲ နောက်ဆုံးဇောသည် "ကမ္မဘဝ"။

တတိယနည်း ➲ စေတနာသည် "ကမ္မဘဝ"။

➲ စေတနာနှင့် အတူဖြစ်သောတရားများသည် "သင်္ခါရ"။

### ꧁ ဥပ္ပါဒ နှင့် အနုပ္ပါဒ ꧂

ဥပ္ပါဒေါ သင်္ခါရာ ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။ (ပဋိသမ္ဘိဒါမဂ္ဂ၊ ၅၈)

- ➲ ဖြစ်ပေါ်ခြင်းရှိသော သဘောသည် "သင်္ခါရ"။
- ➲ ဖြစ်ခြင်းကင်းသော သဘောသည် "နိဗ္ဗာန်"။

### ꧁ ပဝတ္တ နှင့် အပဝတ္တ ꧂

- ➲ မပြတ်စပ်၍ ဖြစ်နေသော ရုပ်နာမ်အပေါင်းသည် "သင်္ခါရ"။
- ➲ မပြတ်စပ်၍ ဖြစ်သည့် ရုပ်နာမ်သင်္ခါရ ကင်းသောသဘောသည် "နိဗ္ဗာန်"။

### ꧁ နိမိတ္တ နှင့် အနိမိတ္တ ꧂

- ➲ အကောင်အထည် ပုံသဏ္ဌာန်ရှိသလို ထင်သောနိမိတ်သည် "သင်္ခါရ"။
- ➲ ပုံသဏ္ဌာန် အရိပ်နိမိတ်ကင်းသော သဘောသည် "နိဗ္ဗာန်"။

### ꧁ အာယူဟနာ နှင့် အနာယူဟနာ ꧂

- ➲ ပေါင်းစုခြင်း၊ ပြုလုပ်အားထုတ်ခြင်းသည် "သင်္ခါရ"။
- ➲ အားထုတ်မှု ကင်းခြင်းသည် "နိဗ္ဗာန်"။

### ꧁ ပဋိသန္ဓေ နှင့် ပဋိသန္ဓေကင်းမှု ꧂

- ➲ ဘဝဟောင်းနှင့် ဆက်စပ်ဖြစ်ခြင်းသည် "သင်္ခါရ"။
- ➲ ဘဝဟောင်းနှင့် ဆက်စပ်၍ မဖြစ်ခြင်းသည် "နိဗ္ဗာန်"။

## **နိဗ္ဗာန်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်**

နိဗ္ဗာန်သည်...

**သန္တိလက္ခဏံ** ➲ ငြိမ်းအေးခြင်းသဘော လက္ခဏာရှိ၏။

**အစ္စုတိရသံ** ➲ မရွေ့လျောခြင်း၊ မပျက်စီးခြင်း ဂုဏ်ရှိ၏။

**အနိမိတ္တပစ္စုပဋ္ဌာန်** ➲ ပုံသဏ္ဌာန် အရိပ်နိမိတ်ကင်းသောအားဖြင့် ဉာဏ်ထဲ ထင်မြင်၏။

## နိဗ္ဗာန်ဓာတ် (၂) ပါး

၁။ သဉပါဒိသေသနိဗ္ဗာနဓာတ် = အကျိုးခန္ဓာ အကြွင်းရှိလျက် ကိလေသာငြိမ်းမှု။
၂။ အနုပါဒိသေသနိဗ္ဗာနဓာတ် = အကျိုးခန္ဓာ အကြွင်းပါ ငြိမ်းမှု။

## ဝန်ထုပ်ကြီး (၃) ခု

၁။ ကိလေသာ ဝန်ထုပ်ကြီး = လောဘ ဒေါသ စသော ကိလေသာအပေါင်း။
၂။ အဘိသင်္ခါရ ဝန်ထုပ်ကြီး = ကုသိုလ်ကံ အကုသိုလ်ကံ။
၃။ ခန္ဓာ ဝန်ထုပ်ကြီး = ရုပ်နာမ်ခန္ဓာ (၅) ပါး။

## ဉပဓိ (၄) ပါး

➲ ဆင်းရဲချမ်းသာတို့၏ တည်ရာသည် ဉပဓိ။

၁။ ကာမုပဓိ = ဆင်းရဲခြင်း၏ တည်ရာဖြစ်သည့်အတွက် ကာမဂုဏ်အာရုံငါးပါး။
၂။ ခန္ဓုပဓိ = ဆင်းရဲခြင်း၏ ခန္ဓာငါးပါး။
၃။ ကိလေသုပဓိ = ဆင်းရဲခြင်း၏ ကိလေသာများ။
၄။ အဘိသင်္ခါရုပတိ = ဆင်းရဲခြင်း၏ ကုသိုလ်ကံ အကုသိုလ်ကံ။

ကမ္မဋ္ဌာန်း (၄၀) တို့တွင် "အာလောကကသိုဏ်း" ၊ "အာကာသကသိုဏ်း" တို့ကလွဲလျှင် (၃၈) ပါးသည် ဘုရားတိုက်ရိုက်ဟော၏၊ ဘယ်ကမ္မဋ္ဌာန်းမဆို နိဗ္ဗာန်ရောက်နိုင်၏။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၁၈/၁၂/၂၀၂၁
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org